FPB
First Private Bank
ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749 / 246 786
FAX : 095 -1- 242 320 / 250 148
Website : www.firstprivatebank.com.mm
e-mail : hofirst.office@fpb.com.mm
admindept.ho@fpb.com.mm

# ဆုကြေးရှယ်ယာ (Bonus Share) ထုတ်ဝေပေးခြင်းနှင့် ပတ်သက်၍ အသိပေးခြင်း

နေ့စွဲ။ ၃၀.၁.၂၀၂၃

(၁) ပထမပုဂ္ဂလိကဘဏ်ဒါရိုက်တာအဖွဲ့၏ (၁၇.၁.၂၀၂၃)ရက်နေ့တွင် ပြုလုပ်သည့် (၁/၂၀၂၃)အကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ဘဏ်အစုရှယ်ယာတစ်စုလျှင် ကနဦး တန်ဖိုး(Nominal Value) ကျပ်-၁,၀၀၀/- တန် အစုတစ်စုပေါ်တွင် (၂၀%) Bonus Share (ဆုကြေးရှယ်ယာ) ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

(၂) ထုတ်ဝေပေးမည့် ဆုကြေးရှယ်ယာ(Bonus Share)များသည် ပထမပုဂ္ဂလိကဘဏ်၏ လက်ရှိ ထုတ်ဝေထားသော အစုရှယ်ယာများနှင့် အမျိုးအစားတူ ဖြစ်ပါသည်။

(၃) ယခုထုတ်ဝေမည့် ဆုကြေးရှယ်ယာ(Bonus share) များ ထုတ်ဝေခြင်းနှင့် ပတ်သက်၍ စားကြွင်း မပြတ်သော အစုရှယ်ယာများကို ထုတ်ဝေခံစားခွင့် ရမည်မဟုတ်ပါ ။ ဥပမာ- (က)အစုရှယ်ယာ(၈)စု ပိုင်ဆိုင်ပါက (၅)စု-(၁)စု အချိုးအရ ဆုကြေးရှယ်ယာ (Bonus Share) (၁) စု ခံစားခွင့် ရှိမည်ဖြစ်ပြီး (ခ) အစုရှယ်ယာ(၁၃)စု ပိုင်ဆိုင်ပါက (၅)စု-(၁)စု အချိုးအရ ဆုကြေးရှယ်ယာ (Bonus Share) (၂) စု ခံစားခွင့် ရှိမည်ဖြစ်ပါသည်။

(၄) သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အနေဖြင့် (၅)လီစိတ် အချိုးညီစေရန် ရှယ်ယာများ ထပ်မံဝယ်ယူလိုပါက ရန်ကုန်စတော့အိပ်ချိန်း(YSX)တွင် ရှယ်ယာအရောင်းအဝယ်ပြုရမည့် နောက်ဆုံးရက် (၁၀.၂.၂၀၂၃)(Last Day to trade) မတိုင်မီ ထပ်မံဝယ်ယူနိုင်ကြောင်း အသိပေး အပ်ပါသည်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ အရေးကြီးသောရက်များအား အစုရှယ်ယာရှင်များအနေဖြင့် သိရှိနိုင်ပါရန် တင်ပြပါသည်။

| အကြောင်းအရာ | အတည်ပြုနေ့ရက်များ |
|---|---|
| ဆုကြေးရှယ်ယာ(Bonus Share) ခံစားခွင့်ရရှိရန် နောက်ဆုံး ဝယ်ယူရမည့် နေ့(Last Day to Trade) | ၁၀.၂.၂၀၂၃ |
| ဆုကြေးရှယ်ယာ(Bonus Share) ခံစားခွင့်မရရှိသောအစုရှယ်ယာ ဝယ်ယူသည့်နေ့(EX Day) | ၁၃.၂.၂၀၂၃ |
| ဆုကြေးရှယ်ယာ(Bonus Share) ခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင် အဖြစ် အတည်ပြုမည့်ရက် (Record Day) | ၁၅.၂.၂၀၂၃ |
| ဆုကြေးရှယ်ယာ(Bonus Share) အစုရှယ်ယာ ထုတ်ပေးမည့် ရက် | ၂၀.၂.၂၀၂၃ |

ပထမပုဂ္ဂလိကဘဏ်မှ ရန်ကုန်စတော့အိပ်ချိန်း(YSX)ရှိ သက်ဆိုင်ရာ အစုရှယ်ယာရှင်များ စာရင်းကို စိစစ်ပြီးချိန်တွင် ဆုကြေးရှယ်ယာထုတ်ဝေမည့် စုစုပေါင်းရှယ်ယာအရေအတွက်အား အစုရှယ်ယာရှင်များကို ဆက်လက် ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း အကြောင်းကြား အပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့